# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါအား ဆက်လက်လေ့လာခြင်း

ခင်နှင်းဝေ (မန္တလေးတိုင်းရင်းဆေးရုံ)

မန္တလေးတိုင်းရင်းဆေးရုံသို့ တက်ရောက်ကုသမှုခံယူကြသော လူနာများအား တိုင်းရင်းဆေးဝါးများဖြင့် တိုက်ကျွေးကုသရာတွင် အသုံးပြုသောဆေးဝါးများသည် သွေးတိုးကအောနိသင်ရှိရုံမျှမက သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတခေါ် ကိုယ်တစ်ခြမ်းသေစေသော လေငန်းရောဂါကို သက်သာစေကြောင်းတွေ့ရှိရပါသည်။ သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတခေါ် ကိုယ်တစ်ခြမ်းသေစေသော လေငန်းရောဂါစာတမ်းကို လေငန်းရောဂါအကြောင်းသိရှိ၍ ရောဂါမဖြစ်ပွားအောင်ကြိုတင်ကာကွယ်နိုင်ကြစေရန်၊ ရောဂါဖြစ်ပွားလာပါက တိုင်းရင်းဆေးဝါးများဖြင့် ထိရောက်စွာကုသနိုင်ကြောင်းသိရှိစေရန်နှင့် ရောဂါဖြစ်ပြီးသူများ ပြန်လည်သန်စွမ်းလာစေရန် လိုအပ်သောဆောင်ရွက်မှုများကို ကုထုံးသုတေသနစာတမ်းအဖြစ် လေ့လာထားခြင်းဖြစ်ပါသည်။ အဓိကတွေ့ရှိချက်အနေဖြင့် သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတခေါ် ကိုယ်တစ်ခြမ်းသေ လေငန်းရောဂါဝေဒနာလူနာများအား ဆေးဝါးကုသရာတွင် ရောဂါဖြစ်ပြီး (၆)လမှ တစ်နှစ်အတွင်း ဆေးရုံသို့ လာရောက်ကုသမှုခံယူပါက လူနာအများစုသည် ကြွက်သားများအားနည်းခြင်း၊ အဆစ်အဆက်တို့ ခိုင်နေခြင်း တို့ကြောင့် ၄၀ ရာခိုင်နှုန်းသက်သာ ပျောက်ကင်းပြီး လေငန်းရောဂါဖြစ်လျှင်ဖြစ်ခြင်းဆေးရုံသို့လာရောက်ကုသမှုခံယူပါက လူနာသည် ကြွက်သားအားကောင်းနေခြင်း၊ အဆစ်အဆက်များပျော့ပျောင်းနေခြင်း၊ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်နိုင်ခြင်းတို့ကြောင့် ၈၀ ရာခိုင်နှုန်းအထိ သက်သာပျောက်ကင်းကြောင်း တွေ့ရသည်။ ထို့ကြောင့် ဤရောဂါကုသရာတွင် ဆေးဝါးများအသုံးပြုတိုက်ကျွေးကုသမှုအပြင် ဓာတ်စာစနစ်နှင့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်ခြင်းသည်များစွာအရေးပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အပြင် သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတခေါ်ကိုယ်တစ်ခြမ်းသေ လေငန်းရောဂါနှင့်ပတ်သက်၍ လေငန်းရောဂါအကြောင်း တိတိကျကျသိရှိရန်၊ ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်နိုင်ကြစေရန်၊ ရောဂါဖြစ်ပွားလာပါက တိုင်းရင်းဆေးဝါးများဖြင့် ထိရောက်စွာကုသနိုင်ကြောင်း သိရှိစေရန်နှင့် ရောဂါဖြစ်ပြီးသူများ ပြန်လည်သန်စွမ်းလာစေရန်လိုအပ်သော ကျန်းမာရေးအသိပညာပေး ဆောင်ရွက်မှုများကို ပြုလုပ်ရမည်ဖြစ်ပါသည်။ သို့မှသာ ဤရောဂါဘေးမှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။